SEAD STORYTELLING

# ပန်းပန်လျက်ပါ

ဆရာ ဇော်ဂျီ (ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်း ၁၉၅၇ - ၁၉၅၉)

ညိုပြာပြာ လတာပြင်ခြေရင်း
လှိုင်းတက်ရာ ဗေဒါတက် လှိုင်းသက်ရာဆင်း

ဆင်းရလည်း မသက်သာ
အုန်းလက်ကြွေ ရေပေါလော မျောစုန်လို့လာ
အဆင်းနဲ့ အလှာ ဗေဒါမ အထွေး
အုန်းလက်ကြွေ သူ့နံဘေး ဆောင့်ခဲ့ရသေး
ဆောင့်ခဲ့လည်း မသက်သာ
နောက်တစ်ချီ ဒီတစ်လုံးက ဖုံးလိုက်ပြန်ပါ
မြုပ်လေပေ့ါ ပေါ်မလာ မဗေဒါအလှ
တလံကွာ လှိုင်းအကြွ ပေါ်လိုက်ပြန်ရ

ပေါ်ပြန်လည်း မသက်သာ
ချောင်းအဆွယ် မြောင်းငယ်ထဲက
ဘဲ ထွက်လို့လာ
ဘဲအုပ်က တစ်ရာ နှစ်ရာ
မဗေဒါက တစ်ပင်ထဲ
အယက် အကန်ခံလို့
ဗေဒါပျံ့ အံကိုခဲ ပန်းပန်လျက်ပဲ

# မိုးဖွဲ့

ဆရာ ဇော်ဂျီ (ရန်ကုန်တက္ကသိုလ် မဂ္ဂဇင်း ၁၉၅၇ - ၁၉၅၉)

ကြိုင်ပျံ့ရှား စကားဆီကနှောင်
လေ့တသွေး မဝေးမကွာလှလေဘူ့ နန်းယက္ခတောင်
ညိုလို့သာ ဝန်းတော့တယ် မြယွန်းဆီကမှောင်
ပူအောင် ဖွဲ့ဖန်ပျိုး
ဆည်လို့ထဲ ကြည်ကွဲအောင် မဆင်လာနှင့် ရှစ်ခွင်မှာ
ပြာရီမှည့် လွမ်းနယ်ချဲ့မိုး

### မရဲသော်လည်း ပြေးခဲစေ

ရန်သူနှင့်တွေ့သည့်အခါ ကြောက်သော်ငြားလည်း အလွယ်တကူ ထွက်မပြေးသင့်သကဲ့သို့ အခက်အခဲနှင့်တွေ့သည့်အခါ အလွယ်တကူ အလျှော့မပေးဘဲ ဟန်မပျက် ရင်ဆိုင်သင့်သည်။

### ထိုးမည့်ဆင် တစ်လှမ်းဆုတ်

ထိုးမည့်ဆင်သည် အရှိန်ပြင်းစွာ ထိုးလိုသည့်အခါ အရှိန်ယူသည့်အနေဖြင့် ခြေတစ်လှမ်းဆုတ်သကဲ့သို့ လုပ်ငန်းတစ်ခုကို အစွမ်းကုန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လိုသည့်အခါ အားယူရန် အခိုက်အတန့်အားဖြင့် အရှိန်လျှော့သည်။

### ကင်းခြေများ ခြေတစ်ချောင်းကျိုး၍ အသွားမပျက်

ကင်းခြေများသည် ခြေတစ်ချောင်း ကျိုးရုံမျှဖြင့် အသွားမပျက်သကဲ့သို့ ပြည့်စုံသူအဖို့ အနည်းငယ် ဆုံးရှုံးယုတ်လျော့ရုံမျှဖြင့် အခြေအနေမပျက်ချေဟု ဆိုလိုသည်။ (မြန်မာစာအဖွဲ့၊ မြန်မာစကားပုံ၊ နှာ-၆)

### ကျီး ဘုတ်ရှိသေ၊ ဘုတ် ကျီးရှိသေ

ကျီးနှင့်ဘုတ်တို့သည် တစ်ကောင်နှင့်တစ်ကောင် လေးစားရှိသေကြသကဲ့သို့ မိမိက သူတစ်ပါးကို ရှိသေလေးစားခြင်းဖြင့် သူတစ်ပါးက မိမိကို

### ရှိသေလေးစားသည်။

ရှေးအခါက တောအုပ်တစ်ခုတွင် ဘုတ်နှင့်ကျီးတို့ အဆွေခင်ပွန်းဖွဲ့ကာ နေကြသည်။ တစ်နေ့သော် ကျီးသည် ဘုတ်အား အဆွေ၏ အမွေးသည် အနီတွင် အဝါရောင်သန်းလျက် မြတ်စွာဘုရား၏ သင်္ကန်းတော်နှင့်တူသဖြင့် အသင့်အား ရှိသေပါ၏ ဟုဆို၏။ ဘုတ်ကလည်း ကျီးအား အဆွေကြီး၏ အမွေးအတောင်တို့သည် အနက်ရောင် တဖိတ်ဖိတ်ပြေးလျက် မြတ်စွာဘုရား၏ သပိတ်တော်နှင့်တူသဖြင့် အသင့်အား ငါရှိသေပါ၏ဟု ပြန်ပြောလေသည်။ (မြန်မာစာအဖွဲ့၊ မြန်မာစကားပုံ၊ နှာ-၂၀)

### ကျွန်း ကိုင်းမှီ၊ ကိုင်း ကျွန်းမှီ

ကိုင်းပင်များ ပေါက်ရောက်နေသဖြင့်လည်း သောင်ကျွန်းသည် ရေတိုက်စားမှုကို ခံနိုင်ပြီး ရပ်တည်နေနိုင်သည်။ သောင်ကျွန်းတည်ရှိနေသဖြင့်လည်း ကိုင်းပင်များ ပေါက်ရောက်ရှင်သန် ရပ်တည်နိုင်သကဲ့သို့ တစ်ဦးနှင့်တစ်ဦးသည်လည်း အပြန်အလှန် အကျိုးပြု၍ အမှီသဟဲပြုကာ ရပ်တည်ကြရသည်ကို ဆိုလိုသည်။ (မြန်မာစာအဖွဲ့၊ မြန်မာစကားပုံ၊ နှာ-၃၁)